ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်

# စတော့ဈေးကွက်အခြေခံသဘောတရားများအား လေ့လာခြင်း

## အကျဉ်းချုပ်

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် စတော့ဈေးကွက်(Stock market) ဖြစ်ထွန်းပေါ်ပေါက်လာကြရစမြဲဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးအရ ဒီမိုကရေစီစနစ်နှင့် စီးပွားရေးအရ လွတ်လပ်သည့် ဈေးကွက်စီးပွားရေး စနစ်တကျပေါင်းစပ်ရုပ်လုံးဖော်ဆောင်မှုက စတင်ကာ စတော့ဈေးကွက်များပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စတော့ဈေးကွက်ပေါ်ထွန်းလာစေရန်၊ မူဝါဒများချမှတ်ထားမှုအပေါ် ကြိုတင်ပြင်ဆင်နိုင်စေရန်စတော့ဈေးကွက်နှင့်ပတ်သက်သည့် အခြေခံသဘောတရားများအား ရေးသားပြုစုတင်ပြခြင်းဖြစ်ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စတော့ | ၃ |
| ၂။ | စတော့ဈေးကွက် | ၃ |
| ၃။ | စတော့ဈေးကွက်၏ရည်ရွယ်ချက် | ၃ |
| ၄။ | စတော့ဈေးကွက်၏သဘောသဘာဝများ | ၃ |
| ၅။ | ဈေးကစားခြင်းနှင့် စတော့ဈေးကွက် | ၄ |
| ၆။ | စတော့ဈေးကွက်တွင်းရှိ အဓိကပါဝင်သည့်အခန်းကဏ္ဍများ | ၅ |
| ၇။ | ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission-SEC) | ၅ |
| ၈။ | စတော့အိပ်ချိန်း (Stock Exchange) | ၇ |
| ၉။ | ရင်းနှီးမြှုပ်နှံသူပြည်သူများ (Investors) | ၈ |
| ၁၀။ | ဝယ်ယူသူတို့၏တာဝန် | ၉ |
| ၁၁။ | ရင်းနှီးမြှုပ်နှံမှု၏ မဟာဗျူဟာများ | ၁၀ |
| ၁၂။ | မြန်မာနိုင်ငံတွင်စတော့ဈေးကွက်ဖြစ်ပေါ်လာစေရန် အစိုးရ၏ဆောင်ရွက်ချက်များ | ၁၁ |
| ၁၃။ | နိုင်ငံတကာ၏ဆောင်ရွက်နေမှုများ | ၁၂ |
| ၁၄။ | စတော့အိပ်ချိန်းမှရရှိသည့်ကောင်းကျိုးများ | ၁၃ |
| ၁၅။ | စတော့အိပ်ချိန်းမှရရှိသည့် ဆိုးကျိုးများ | ၁၄ |
| ၁၆။ | နိဂုံး | ၁၄ |
| ၁၇။ | သုံးသပ်ချက် | ၁၄ |

## စတော့

၁။ စတော့ဆိုသည်မှာ အများပိုင်ကုမ္ပဏီများက လိုအပ်နေသည့်ရင်းနှီးမြှုပ်နှံငွေများပြားလာစေရန်အတွက် ကုမ္ပဏီ၏လုပ်ငန်းအစိတ်အပိုင်းကို စတော့များအဖြစ် ထုတ်ရောင်းလိုက်ခြင်းဖြစ်သည်။ စတော့ကိုဝယ်ယူခြင်းအားဖြင့် ကုမ္ပဏီ၏လုပ်ငန်းအစိတ်အပိုင်းကို ပိုင်ဆိုင်ပါသည်။ ၎င်းကုမ္ပဏီကနှစ်ချုပ်၍ အမြတ်ငွေရလျှင် စတော့ပိုင်ဆိုင်သူများကို ပိုင်ဆိုင်သည့်အချိုးကျခွဲဝေပေးရပါသည်။[1]

## စတော့ဈေးကွက်

၂။ စတော့ဈေးကွက်ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များ၊ စတော့များ၊ စတော့ငွေချေးစာချုပ်များ၊ အစိုးရငွေတိုက်စာချုပ် Bonds များနှင့် အခြားငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပုံမှန်ရှိသည့်နေရာ သို့မဟုတ် ရောင်းဝယ်သည့်စနစ်သည် စတော့ဈေးကွက်ပင်ဖြစ်ပါသည်။[2]

## စတော့ဈေးကွက်၏ရည်ရွယ်ချက်

၃။ စတော့ဈေးကွက်၏ရည်ရွယ်ချက်မှာ ကုမ္ပဏီများအတွက်လိုအပ်သည့် ကာလရှည်ငွေကြေးအရင်းအနှီးကိုရရှိစေရန်၊ ပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များရရှိစေရန်၊ ကိုင်ဆောင်ထားသည့် စတော့ရှယ်ယာများအတွက် ငွေဖြစ်လွယ်မှု(Liquidity) ဖြစ်စေသည့် ဈေးကွက်ကိုဖန်တီးပေးရန်၊ လွတ်လပ်ပွင့်လင်းမျှတသည့် ဈေးကွက်တစ်ခုဖြစ်စေရန်အပြင် လူလတ်တန်းစားပေါ်ပေါက်ရေးအတွက် မြေတောင်မြှောက်ပေးသော ဈေးကွက်တစ်ခုဖြစ်ပေါ်လာစေရန်တို့ဖြစ်ပါသည်။ [3]

## စတော့ဈေးကွက်၏သဘောသဘာဝများ

၄။ စတော့ဈေးကွက်ကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် အများပိုင်ကုမ္ပဏီများက ၎င်းတို့၏ရှယ်ယာများကို အများပြည်သူသို့ ဖိတ်ခေါ်ရောင်းချကြပါသည်။ စတော့ဈေးကွက်စည်းမျဉ်းအရ ထုတ်ဝေရောင်းချသည့် ကုမ္ပဏီ၏လုပ်ငန်းလမ်းညွှန်ရှင်းတမ်းများကို ကြိုတင်ဖြန့်ဝေ

[1]Mmstockbroker, စတော့ဈေးကွက်သိမှတ်ဖွယ်ရာ၊ Available from https://www.facebook.com/mmstockbroker/posts/604896942970241 [accessed date May 15, 2015]

[2]ရန်ကုန် Stock Exchange အကြောင်း Yinkokomin, Available from Yinkokomin.blogspot.com /2015/02/stock-exchange. Html ?m=1MIW Myanmar Investment Watch [accessed date May 15, 2015]

[3] စတော့ဈေးကွက်၌ ဈေးကစားမှုများ၏ အန္တရာယ်ကိုသတိပြုရန်လို Available from http://www.phothutaw,com/2014/05/blog-post-8031.html

ရပါသည်။[4] စတော့ဈေးကွက်သဘောသည် နာမည်ကောင်းဖြင့်အောင်မြင်နေသည့် ကုမ္ပဏီ၏ စတော့များကိုဝယ်ယူထားခြင်းဖြင့် စီးပွားရေးလုပ်ငန်းပိုင်ရှင် တစ်ယောက်ဖြစ်လာနိုင်သည့် သဘောဖြစ်ပါသည်။ စတော့ဈေးနှုန်းသည် စတော့ဈေးကွက်တွင် နာမည်ရကုမ္ပဏီများက ၎င်းတို့၏ကုမ္ပဏီအကျိုးအမြတ်များများရရှိ အောင်ဆောင်ရွက်နိုင်သည့် အပေါ်မူတည်ခြင်းဖြစ်ပါသည်။ ကုမ္ပဏီ၏လုပ်ဆောင်မှုကောင်းလျှင် အကျိုးခံစားခွင့်များစွာရရှိနိုင်သကဲ့သို့ စတော့ဈေးကွက်တွင် စတော့ဈေးနှုန်းများလည်း မြင့်တက်လာစေပြီး ကုမ္ပဏီ၏လုပ်ဆောင်ချက်မကောင်းလျှင် အကျိုးခံစားခွင့်များမရရှိနိုင်ဘဲ စတော့ဈေးကွက်တွင်လည်း စတော့ဈေးနှုန်းများကျဆင်းသွားတတ်ပါသည်။ ဈေးကွက်ကိုလေ့လာမည်ဆိုပါက အသိအကျွမ်းများ၊ အိမ်နီးနားချင်းများ၊ ရုပ်သံများမှ ဝေဖန်ရေးသမားများ၊ စာရေးဆရာများ၏စကားများကို နားမယောင်ရန်နှင့် အရေးကြီးဆုံး ဈေးကွက်အညွှန်းကိန်းများကို လေ့လာရန်လိုအပ်ပါသည်။[5]

၅။ စတော့ဈေးကွက်၏သဘောသဘာဝကို ကျယ်ပြန့်နှံ့စပ်မှုမရှိဘဲ စတော့ဈေးကွက်အတွင်းသို့ ဝင်ရောက်မည်ဆိုလျှင် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတတ်ပါသည်။[6] စတော့ဈေးကွက်ကို ကြိုတင်လေ့လာထားမှသာလျှင် စတော့များအကျဘက်သို့ ရောက်နေသည့်ကာလ၌ ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ပြီး အတက်ဘက်သို့ရောက်နေလျှင်လည်း မှန်ကန်သည့်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ပါသည်။[7]

## ဈေးကစားခြင်းနှင့် စတော့ဈေးကွက်

၆။ ဈေးကစားခြင်း (Speculation) ဆိုသည့်အဓိပ္ပါယ်မှာ ကုန်စည်သို့မဟုတ် ငွေကြေးတစ်ရပ် သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တစ်ခုခုကို ဈေးကွက်တွင် တန်ဖိုးပြောင်းလဲမည်ဟူသောမျှော်လင့်ချက်ဖြင့် ရောင်းဝယ်ခြင်းမျိုးကိုဆိုလိုသည်။ စီးပွားရေးပညာရှင်များသည်

[4] Social-peek , Available from http://www.social-peek.com/Page/Yangon_Stock_Exchange/32077626/ %E1%80%A1% E1%80%99%E1% 80%BA%E1% 80% AC%E1%80% B8%E 1% 80%BB%E1%80%95%E1%80%8A%E1%80 %B9%E1%80%9E%E1%80%B0%E1%80%B1%E1%80% 90% E1%80 %BC%E1% 80%80 %E1%80% AD%E1%80 % A F/ [accessed date May 6, 2015]

[5] M M Stock Broker , Available from https://www.facebook.com/mmstockbroker/posts/604896942970241 [accessed date May 15, 2015]

[6] စတော့ဈေးကွက်သိမှတ်ဖွယ်ရာ, Available from https://www.facebook.com/mmstockbroker/posts/604896942970241 [accessed date May 8, 2015]

[7] စတော့ဈေးကွက်ကိုခြုံငုံလေ့လာ၍မြပ်နှံပါ Available from http://www.thetradetimesmedia.com/?p=5650#sthash.0qZoTO1F.dpuf

မျှော်လင့်ချက်(၃) မျိုးဖြင့်ငွေကိုင်ဆောင်ထားကြသည်။ ပထမမျှော်လင့်ချက်မှာ ငွေချေးစာချုပ်များ၊ စတော့များဈေးကျသည့်အခါဝယ်ယူကိုင်ဆောင်ထားကြသည်။ ယင်းစတော့များ၊ ငွေချေးစာချုပ်များဈေးပြန်တက်မည်ဟု မျှော်လင့်ထားသောကြောင့်ဖြစ်သည်။ ဒုတိယမျှော်လင့်ချက်အနေဖြင့် စတော့များ၊ ငွေချေးစာချုပ်များဈေးတက်နေချိန်တွင် ငွေသားကိုသာ ကိုင်ဆောင်ထားကြပြီး ငွေချေးစာချုပ်များ၊ စတော့များထိပ်ဆုံးရောက်ပြီး တစ်ချိန်တွင်ပြန်လည်ကျဆင်းမည်ဟု မျှော်လင့်သောကြောင့်ဖြစ်သည်။ တတိယမျှော်လင့်ချက်အနေဖြင့် ငွေသားကိုင်ဆောင်မှုပမာဏနှင့်အတိုးနှုန်းများပြန်ရသည့်အချိုးမှာ ပြောင်းပြန်အချိုးသက်ရောက်နေသဖြင့် ၎င်းတို့၏မျှော်လင့်ချက်သည်အတိုးများနှင့် ပြန်ရချက်များမြင့်မားလာမှုပင်ဖြစ်သည်။[8]

**စတော့ဈေးကွက်တွင်းရှိ အဓိကပါဝင်သည့်အခန်းကဏ္ဍများ**

၇။ စတော့ဈေးကွက်အတွင်းတွင် အဓိကကျသည့် မဏ္ဍိုင်ကြီး(၃) ရပ်ရှိပြီး ၎င်းတို့မှာ-

(က) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission-SEC)

(ခ) စတော့အိပ်ချိန်း (Stork Exchange)

(ဂ) ရင်းနှီးမြှုပ်နှံသူပြည်သူများ (Investors) တို့ဖြစ်ပါသည်။[9]

**ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission-SEC)**

၈။ စတော့ဈေးကွက်ကို အဓိကထိန်းကျောင်းသည့် မဏ္ဍိုင် (၃) ခုအနက် ငွေချေးသက်သေခံလက်မှတ်ကော်မရှင် (Securities Exchange Commission – SEC) သည် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းကော်မရှင်သည် ပြဋ္ဌာန်းထားသည့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (Securities Exchange Law) အရ စတော့ဈေးကွက်ကို အဓိကထိန်းကျောင်းရန်ပေါ်ပေါက်လာသည့် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ အေဂျင်စီများအဖြစ်ရပ်တည်လေ့ရှိကြပါသည်။

---

[8] Worpress, Available from http://financialintelligencemm.com.worpress.com/2012/01/02/hello-word/s [accessed date May 8, 2015]

[9] Thetradetimesmedia , Available from http://www.thetradetimesmedia.com/?p=10156 [accessed date May 8, 2015]

၉။ ကော်မရှင်ကို စတော့ဈေးကွက်ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များ၊ စာရင်းကိုင်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ စုံစမ်းထောက်လှမ်းမှုကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားပါသည်။[10]

၁၀။ ကော်မရှင်သည်စတော့ဈေးကွက်အတွင်းရှိ စတော့ဈေးနှုန်းများ မှုမှန်မှုရှိမရှိစုံစမ်းခြင်း၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏လုပ်ငန်းဆောင်တာများကို စုံစမ်းစစ်ဆေးခြင်း၊ ကုမ္ပဏီဒါရိုက်တာများနှင့် အဆင့်မြင့်အရာထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စုံစမ်းထောက်လှမ်းခြင်း၊ ကုမ္ပဏီအတွင်းလူများမှတစ်ဆင့် ရှယ်ယာဈေးကမောက်ကမဖြစ်စေရန် ဆောင်ရွက်မှုရှိမရှိစစ်ဆေးခြင်း၊ ကုမ္ပဏီများပေါင်းစပ်ခြင်း၊ ဝယ်ယူခြင်းစသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရပါသည်။ စတော့ဈေးကွက်အတွင်းပေါ်ပေါက်နေသည့် သတင်းအချက်အလက်များအား အများပြည်သူသို့သိရှိရန် သတင်းထုတ်ပြန်ပေးခြင်း၊ ပြည်တွင်းပြည်ပစတော့ဈေးကွက်အတွင်း ပေါ်ပေါက်နေသည့် သတင်းအချက်အလက်များ၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာသတင်းအချက်အလက်များကိုလည်း အများပြည်သူသို့ထုတ်ပြန် ကြေညာပေးရန်တာဝန်ရှိပါသည်။

၁၁။ လိုအပ်သည့်အမိန့်နှင့် ညွှန်ကြားချက်များကို အခါအားလျော်စွာထုတ်ပြန်ပေးပြီးထုတ်ပြန်ပေးထားသည့်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် စတော့ဈေးကွက်နှင့် လိုက်လျောညီထွေမှုရှိမရှိသုံးသပ်ခြင်း၊ နိုင်ငံတကာစတော့ဈေးကွက်များနှင့် လိုက်လျောညီထွေမှုရှိမရှိသုံးသပ်ခြင်း၊ စတော့ရောင်းဝယ်ရေးနှင့် စာရင်းရှင်းလင်းရေးစနစ်များကို လိုအပ်သလိုပြင်ဆင်ဆောင်ရွက်ရပါသည်။ ဈေးကွက်အတွင်းရောင်းဝယ်မှုများ၊ စာရင်းရှင်းလင်းမှုများ၊ ဈေးနှုန်းများနှင့်ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်လာပါက ခုံသမာဓိလူကြီးများအဖြစ်ဆောင်ရွက်ခြင်း၊ ဈေးကွက်အတွင်း ပါဝင်သည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် ဥပဒေအရသတ်မှတ်ထားသောစည်းကမ်းများကိုဖောက်ဖျက်ပါက ကော်မရှင်အနေနှင့် လိုအပ်သလိုတရားစွဲခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းစသည်တို့ကို ဆောင်ရွက်ရပါသည်။[11]

---

[10] စတော့များကို မည်သို့ထိန်းကျောင်းထားသနည်း၊ Available from www.thetradetimesmedia , [accessed date May 6, 2015]

[11] Thetradetimesmedia , Available from http://www.thetradetimesmedia.com/?p=12786#stash.FKnwqDx.dpuf [accessed date May 7, 2015]

၁၂။ စတော့ဈေးကွက်ဖြစ်ထွန်းနေသော ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ဗီယက်နမ်နိုင်ငံတို့အပြင် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံများ၏ ငွေကြေးသက်သေခံလက်မှတ်ကော်မရှင်များတွင် တူညီသည့် ရည်ရွယ်ချက်များစွာရှိပါသည်။ ယင်းကော်မရှင်များ၏တူညီသော ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူရင်းနှီးမြှုပ်နှံထားသူ အများပြည်သူ၏ အကျိုးကိုကာကွယ်ရန်နှင့် ပြည်သူလူထုမှ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အား ယုံကြည်မှုရှိလာစေရန်၊

(ခ) ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တစ်ခုလုံးအား မျှတသော၊ ပွင့်လင်းသော၊ ထိရောက်သော ဈေးကွက်တစ်ခုဖြစ်လာစေရန်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များထုတ်ခြင်း၊ ရောင်းခြင်းများတွင် လျော်ကန်သော နည်းစနစ်များ ကျင့်သုံးခြင်းရှိမရှိ၊ ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေများကိုလိုက်နာဆောင်ရွက်ခြင်း ရှိမရှိစောင့်ကြပ်စစ်ဆေးရန်၊

(ဃ) ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အတွင်း ဆုံးရှုံးနိုင်ခြေရှိမှုများ (Risk) များကိုလျော့ချရန်၊

(င) နိုင်ငံတော်၏ဘဏ္ဍာရေးမူဝါဒများကို အထောက်အကူပြုရန်စသည်တို့ဖြစ်ပါသည်။

၁၃။ တူညီသည့်မျှော်မှန်းချက်များအနေဖြင့် နိုင်ငံတစ်ခု၏ ဈေးကွက်စီးပွားရေးစနစ်ကြီးတစ်ခုလုံးကိုအထောက်အပံ့ပေးနိုင်သည့် ကာလရှည်ဈေးကွက်တစ်ခု ပေါ်ထွန်းလာစေရန်၊ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သည့်စီးပွားရေး အသိုက်အဝန်းတစ်ခုထူထောင်နိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်ပေါ်လာစေရန်တို့ဖြစ်ပါသည်။[12]

## စတော့အိပ်ချိန်း (Stock Exchange)

၁၄။ စတော့အိပ်ချိန်းသည် စတော့ဈေးကွက်တွင်ရှိသည့် ဈေးတစ်ခုပင်ဖြစ်သည်။ စတော့အိပ်ချိန်းတွင် အရည်အချင်းပြည့်မီသော ကုမ္ပဏီလုပ်ငန်းများ၏ စတော့များ၊ သက်သေခံလက်မှတ်များရောင်းဝယ်မှုစနစ်နှင့် နည်းလမ်းများကိုပံ့ပိုးခြင်းဖြင့် စုစည်းဆောင်ရွက်ခြင်း၊ ပြန်လည်

[12] SEC ဖြင့် စတော့ဈေးကွက်ကို ထိန်းကျောင်းမည်ဆိုလျှင်, Available from http://www.thetradetimesmedia.com/?p=7869#stash. mhD71 62w.dpuf [accessed date May 15, 2015]

ရပ်သိမ်းခြင်းတို့အပြင် အစုရှယ်ယာအကျိုးအမြတ် Dividends များပေးဝေခြင်းကိုလည်း ဆောင်ရွက်ပေးပါသည်။ ထို့ကြောင့် စတော့အိပ်ချိန်းသည် စတော့ဈေးကွက်တစ်ခုလုံးရှိ စတော့များထဲမှ အရည်အသွေးပြည့်မီသော အများပိုင်ကုမ္ပဏီများ၏ စတော့များကိုသာ လဲလှယ်ရောင်းဝယ်ခြင်းဖြစ်သည်။ [13]

၁၅။ စတော့အိပ်ချိန်းအသီးသီးတွင် ကွဲပြားခြားနားနေသော ရောင်းဝယ်မှုနည်းစနစ်များကို အသုံးပြုလေ့ရှိပါသည်။ အသုံးအများဆုံးသောနည်းစနစ်မှာ လေလံရောင်းဝယ်မှု နည်းစနစ် (Auction System) ဖြစ်ပြီး စတော့ပွဲစားများထံမှရောက်ရှိလာသည့် အမှာလွှာများကို စတော့အိပ်ချိန်းရှိ ရောင်းဝယ်မှုကျွမ်းကျင်သည့် ဝန်ထမ်းများကဆောင်ရွက်ကြပြီး ၎င်းတို့ကို Specialist များ သို့မဟုတ် ဈေးကွက်ဖန်တီးသူများ (Market-maker) ဟုခေါ်ဆိုနိုင်ပါသည်။ စတော့ပွဲစားကုမ္ပဏီများထံမှပေးပို့လာသော အမှာစာများသည် စတော့အိပ်ချိန်းရှိ ဈေးကွက်ဖန်တီးသူများ၏ လက်ထဲသို့ရောက်ရှိလာပြီး ရောင်းရန်အတွက်ရောက်ရှိလာသည့် အော်ဒါများကို ရောင်းရန်ဈေးနှုန်း (Asked Price) များနှင့် ဝယ်ယူရန်အတွက်ရောက်ရှိလာသည့် စတော့များကိုရောင်းရန်ဈေးနှုန်း (Bid Price) စတော့စာရင်းအတွင်း ထည့်သွင်းကြရပါသည်။ စတော့အိပ်ချိန်းတွင် လုပ်ငန်းကုမ္ပဏီအမျိုးမျိုး၏ ပြောင်းလဲနေသည့် စတော့ဈေးနှုန်းအတက်အကျများကို စက္ကန့်နှင့်အမျှတိုက်ရိုက် ထုတ်ပြန်ပေးရပါသည်။ [14]

## ရင်းနှီးမြှုပ်နှံသူပြည်သူများ (Investors)

၁၆။ စတော့ဈေးကွက်တစ်ခု အောင်မြင်စွာလည်ပတ်နိုင်စေရန် အဓိကအကျဆုံးသူများမှာ ရင်းနှီးမြှုပ်နှံသူများပင်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများတွင် တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူနှင့် အဖွဲ့အစည်းအလိုက်ရင်းနှီးမြှုပ်နှံသူများဖြစ်ကြသည်။ အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများဆိုရာတွင် ပင်စင်ရန်ပုံငွေအဖွဲ့များ၊ အကျိုးတူရန်ပုံငွေအဖွဲ့များ၊ ဘဏ်များ၊ ဌာနဆိုင်ရာသက်သာချောင်ချိရေးအဖွဲ့များ၊ ဘာသာရေးဂေါပကအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ စသည်တို့ပါဝင်ပါသည်။

---

[13] စတော့ဈေးကွက်ကိုခြုံငုံလေ့လာ၍ မြှုပ်နှံပါ, Available from http://www.thetradetimesmedia.com/?p=5650#sthash.0qZoTO1F.dpuf [accessed date May 15, 2015]

[14] စတော့အော်ဒါများနှင့်ရောင်းဝယ်မှုနည်းစနစ်များသိရန်လို၊ Available from http://www.thetradetimesmedia.com/?p= 12533#sthash. IVOSmtIfo.dpuf [accessed date May 14, 2015]

၁၇။ စတော့ဈေးကွက်တွင် တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူများသည် ဈေးကွက်လှုပ်ရှားတက်ကြွစေရေးအတွက်အဓိကကျသည့်နေရာမှ ပါဝင်ဆောင်ရွက်သလို အဖွဲ့အစည်းအလိုက်ရင်းနှီးမြှုပ်နှံသူများသည်လည်း စတော့ထုတ်ဝေရောင်းချသည့်ကုမ္ပဏီများအတွက်အားကိုးအားထားပြုရာအဖွဲ့များဖြစ်ပါသည်။ အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူအများစုသည် စတော့ဈေးကွက်၏ဆင့်ပွားဈေးကွက် (Secondary Market)၌ ဝင်ရောက်ရောင်းဝယ်ခြင်းမပြုဘဲ အမြတ်ဝေစုရရှိရေး၊ အဖွဲ့ဝင်များ၏ ဝင်ငွေရရှိရေးအတွက်သာ အာရုံစူးစိုက်လေ့ရှိပါသည်။ ၎င်းတို့သည် ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမည့် ငွေချေးသက်သေခံလက်မှတ်များအတွက် သုတေသနဌာနများဖွဲ့စည်းခြင်း၊ ပြင်ပသုတေသနအဖွဲ့များ ငှားရမ်းခြင်းများပြုလုပ်ပြီး အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုပုံသဏ္ဌာန်ကို ဖွဲ့စည်းလေ့ရှိပါသည်။ စတော့ဈေးကွက်ကို တည်ငြိမ်စေရေးအတွက် အဖွဲ့အစည်းအလိုက်ရင်းနှီးမြှုပ်နှံသူများက အဓိကနေရာမှပါဝင်လျက်ရှိပါသည်။[15]

## ဝယ်ယူသူတို့၏တာဝန်

၁၈။ ဝယ်ယူသူတို့၏အဓိကတာဝန်မှာ မဝယ်ယူမီ စတော့ပွဲစားကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ အကြံဉာဏ်ကိုရယူရန်နှင့် သုတေသနအဖွဲ့များမှထုတ်ပြန်သော အချက်အလက်များကို စနစ်တကျလေ့လာဖတ်ရှုရန်ဖြစ်သည်။ စည်းမျဉ်းထိန်းကျောင်းသူ၏ ကြိုတင်သတင်းရမှုကိုအခွင့်ကောင်းယူကာ ရောင်းဝယ်မှု (Insider Trading)များကို ထောက်လှမ်းရန်၊ ကောလာဟလထုတ်လွှင့်သူများ၊ အလံရှူးများ၏ရန်ကိုကာကွယ်ရန် ပြင်ပသတင်းအချက်အလက်များကို စုံစမ်းရန်ဖြစ်ပါသည်။ စတော့ရှယ်ယာ၏ဈေးအတက်အကျဆိုသည်မှာ ကုမ္ပဏီ၏ Fundamental အချက်အလက်များပေါ်တွင် အများကြီးမူတည်နေပါသည်။ ရှယ်ယာတစ်ခုကို မဝယ်ခင်တွင် ကုမ္ပဏီ၏ Performance ကိုသေချာ Valuation လုပ်ဖို့လိုပါသည်။ နည်းပညာများကအရေးပါသလို သူများရောင်းလျှင်လိုက်ရောင်းပြီး သူများဝယ်လျှင်လိုက်ဝယ်သည့် အများနောက်လိုက်မဖြစ်စေရန်နှင့် Emotion မဖြစ်ရန် အရေးကြီးပါသည်။[16]

---

[15] စတော့ဈေးကွက်ဒေါက်တိုင်သုံးရပ်နှင့် ရင်းနှီးမြှုပ်နှံသူတို့၏ အခန်းကဏ္ဍ Available from http://www.thetradetimesmedia.com/?p=10156#stash.NW hxkxwx.dpuf [accessed date May 15, 2015]

[16] စတော့ဈေးကွက်၌ ဈေးကစားမှုများ၏ အန္တရာယ်ကိုသတိပြုရန်လို Available from http://www.phothutaw.com/2014/05/blog-post-8031.html

**ရင်းနှီးမြှုပ်နှံမှု၏ မဟာဗျူဟာများ**

၁၉။ ငွေကြေးတစ်ရပ်ကို တိုးပွားအောင်ပြုလုပ်လိုသူအားလုံးသည် ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာမျိုးစုံကိုရွေးချယ်ကျင့်သုံးတတ်ရန်လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုပြုရန်အတွက် ကြိုတင်ချမှတ်ထားသည့် စည်းမျဉ်းနှင့်လုပ်ငန်းစဉ်တစ်ရပ်ကိုခေါ်ဆိုခြင်းဖြစ်ပြီး မိမိပြန်ရနှုန်းနှင့် ခံနိုင်ရည်ရှိသည့်ဆုံးရှုံးနိုင်ခြေ (Risk) တို့ကို သတ်မှတ်ကာ မည်သည်ကို စတင်ဝယ်ယူသင့်သည်အား ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်ပါသည်။

၂၀။ စတော့များသည် စွန့်စားမှုများဖြင့် ရင်းနှီးမြှုပ်နှံနေရပြီး စွန့်စားမှုများလေ အကျိုးခံစားခွင့်ကြီးမားလေဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စွန့်စားမှုဖြစ်လာလျှင် ခံနိုင်ရည်ရှိမရှိ မိမိကိုယ်တိုင်ဆုံးဖြတ်ကြရမည်ဖြစ်ပါသည်။ အခြေခံအားဖြင့်စတော့တစ်ခုကိုဈေးတက်နေသည့်အချိန်တွင်ဝယ်ယူ၍ ဈေးပြန်မကျမီ ပြန်ထုတ်ရောင်းရမည်ဆိုသည်မှာ သာမန်အားဖြင့်သိရှိနိုင်ပါသည်။

၂၁။ လူအသိအများဆုံးမဟာဗျူဟာတစ်ခုမှာ Buy and Hold ဝယ်ယူပြီးကိုင်ဆောင်ထားသည့်ဗျူဟာဖြစ်သည်။ ဗျူဟာအရ မည်သည့်စတော့များသည် မိမိရွေးချယ်သည့်ဆုံးရှုံးမှု (Risk) နှင့်ကိုက်ညီသည်။ မည်သည့်စတော့က ထူးခြားသည့် တိုးတက်မှုရရှိနိုင်သည်ကို ရွေးချယ်ရန် လိုအပ်ပါသည်။ တန်ဖိုးတက်စတော့များကို ကြိုက်နှစ်သက်သူများအနေနှင့် ဤနည်းစနစ်အားကျင့်သုံးလေ့ရှိပါသည်။ ဤစနစ်ကိုကျင့်သုံးသူတို့သည် ရှယ်ယာများကို ထပ်တလဲလဲဝယ်ယူခြင်း၊ ရရှိသည့်အမြတ်ဝေစုကို ရှယ်ယာများထပ်မံဝယ်ယူခြင်းများ ပြုလုပ်ပြီးခွဲခြမ်းစိတ်ဖြာသည့်စနစ်အားကျင့်သုံး၍ အတက်အကျမြန်ဆန်သည့်သံသရာကို ရှောင်ရှားလေ့ရှိပါသည်။

၂၂။ ဒုတိယအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာတစ်ခုမှာ ခွဲခြမ်းစိတ်ဖြာရင်းနှီးခြင်း (Diversification) ဖြစ်ပါသည်။ ယင်းဗျူဟာအရ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် မိမိ၏ရင်းနှီးငွေကို စတော့အမျိုးအစားတစ်ခုတည်းတွင် ပုံအောရင်းနှီးခြင်းမပြုကြပါ။ ဤသို့ ပုံအောခြင်းသည် စွန့်စားမှု(Risk)အလွန်များသည့် ကိစ္စဖြစ်ပါသည်။ သို့အတွက် ရင်းနှီးငွေကို စတော့အမျိုးမျိုးနှင့် အခြားသောရင်းနှီးမြှုပ်နှံမှုများတွင် ခွဲခြမ်းကာထည့်ဝင်ရင်းနှီးပြီး စွန့်စားမှု (Risk)များကိုဖြန့်ကျက်ရပါသည်။ ထို့ကြောင့် စတော့ဈေးကွက်တွင် အတက်အကျသံသရာများရှိနေခြင်းနှင့် နိုင်ငံ

၏စီးပွားရေးမတည်ငြိမ်သည့်တိုင်အောင် ကိုင်ဆောင်ထားသည့်စတော့အစုကို ထိခိုက်စေမည် မဟုတ်ပါ။

၂၃။ အကယ်၍ရွေးချယ်ဝယ်ယူထားသည့် စတော့များသည် စီးပွားရေးကဏ္ဍတစ်ခုတည်းက ဖြစ်မည်ဆိုလျှင် ရွေးချယ်ထားသည့်ကဏ္ဍတစ်ခု စီးပွားရေးကျဆင်းသည်နှင့် ကိုင်ဆောင်ထားသည့် စတော့များအားလုံးဆုံးရှုံးမှုနှင့် ကြုံတွေ့နိုင်ပါသည်။ သို့ပါ၍ ကုမ္ပဏီအမျိုးအစားမတူညီသည့်စတော့များကို အမှန်တကယ်ခွဲခြမ်းစိတ်ဖြာဝယ်ယူရင်းနှီးနိုင်မှသာ စတော့ကိုင်ဆောင်သူအနေနှင့် စီးပွားရေးဂယက်တစ်ခုကျရောက်တိုင်း စတော့တစ်ခုလုံးကို ထိခိုက်မှုသက်သာစေမည် ဖြစ်ပါသည်။ စီးပွားရေးဂယက်တစ်ခု၏ သက်ရောက်မှုတိုင်းသည် ပြောင်းလဲအကျိုးသက်ရောက်နိုင်သည့် ရွေးချယ်မှုဖြစ်ရန်လိုအပ်ပါသည်။[17]

## မြန်မာနိုင်ငံတွင်စတော့ဈေးကွက်ဖြစ်ပေါ်လာစေရန် အစိုးရ၏ဆောင်ရွက်ချက်များ

၂၄။ မြန်မာနိုင်ငံ၏ စတော့အိပ်ချိန်းဈေးကွက်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဖွင့်လှစ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်နေပါသည်။ စတော့ဈေးကွက်ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်တွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀ ဖြင့်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံတကာမှ နည်းဥပဒေများကို လေ့လာပြီး မြန်မာနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသောလုပ်ထုံးလုပ်နည်းပေါင်း ၂၀၀ ကျော်ပါဝင်သည့် နည်းဥပဒေကို ရေးဆွဲထားပါသည်။ အစုရှယ်ယာဆိုင်ရာကော်မရှင်ကိုလည်းဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်စတော့ဈေးကွက်ဖွင့်လှစ်ရေးအတွက် မြန်မာနိုင်ငံဗဟိုဘဏ်နှင့် ဂျပန်နိုင်ငံဒိုင်ဝါစတော့ရှယ်ယာအုပ်စု၏ သုတေသနဌာန DIWA Research Institute နှင့်ဂျပန်စတော့အိပ်ချိန်းတို့ပူးပေါင်းပြီး Joint Venture စနစ်ဖြင့်ဆောင်ရွက်ရန်သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ရန်ကုန်စတော့ဈေးကွက် ဖက်စပ်ကုမ္ပဏီ၏ ၅၁ ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဘဏ်က ပိုင်ဆိုင်မှာဖြစ်ပြီး၊ ကျန်သည့် ၄၉ ရာခိုင်နှုန်းကို

[17] ကိုယ်ပိုင်စည်းမျဉ်းနှင့် ရည်မှန်းချက်မရှိပါက ရင်းနှီးမြှုပ်နှံမှု မပြုလုပ်သင့် ထွန်းသက်ထွန်း, Available from http://www.thetradetimesmedia.com/?p=12786#stash.FKnwqDx.dpuf [accessed date May 8, 2015]

ဂျပန်စတော့ရှယ်ယာကပိုင်ဆိုင်မည်ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ် ကော်မရှင် SEC ရုံးကို ရန်ကုန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နေရာတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။[18]

## နိုင်ငံတကာ၏ဆောင်ရွက်နေမှုများ

၂၅။ နိုင်ငံတကာတွင် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများက စတော့အိပ်ချိန်းတွင်စာရင်းဝင်ကြရသည်။ နိုင်ငံခြားစတော့ဈေးကွက်တွင် စတော့ရှယ်ယာများကို အများပြည်သူသို့ရောင်းချရာ၌ သုတေသနအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုဘဏ်၊ တာဝန်ခံဖြန့်ချိရောင်းချသူ၊ တွဲဖက်တာဝန်ခံရောင်းချသူစသည့်အဆင့်ပေါင်းများစွာကို ဖြတ်သန်းကြရသည်။

၂၆။ ဗီယက်နမ်နိုင်ငံသည် စတော့ဈေးကွက်ကို ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စတော့အိတ်ချိန်းစင်တာကို ဟိုချီမင်းမြို့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၎င်းဈေးကွက်တွင် နိုင်ငံခြားသားများကို ပါဝင်ရင်းနှီးခွင့်ပေးခြင်းကြောင့် ဖက်စပ်ကုမ္ပဏီများ၏ စတော့ရှယ်ယာဈေးနှုန်းတန်ဖိုးများမြင့်တက်သွားပြီး ပြည်တွင်းတိုင်းရင်းသားများ လုပ်ကိုင်သောကုမ္ပဏီများက နောက်ကျ ကျန်နေခဲ့သည်ကို ဗီယက်နမ်နိုင်ငံ၏အတွေ့အကြုံများအရတွေ့ရှိရပါသည်။[19]

၂၇။ အမေရိကန်နိုင်ငံ၏ စီးပွားရေးဆောင်ရွက်မှုတွင် စတော့ဈေးကွက်များသည် အရေးကြီးသည့်အချက်တစ်ခုဖြစ်ပါသည်။ စတော့ဈေးကွက်များမှ စတော့များကိုရောင်းချခြင်းဖြင့် ကုမ္ပဏီများ၏ငွေကြေးလည်ပတ်မှုများ ကျယ်ပြန့်လာပါသည်။ စတော့ဈေးကွက်မရှိလျှင် နိုင်ငံတကာကုမ္ပဏီများကဲ့သို့ အမေရိကန်နိုင်ငံရှိ ကုမ္ပဏီများ၏လုပ်ငန်းလည်ပတ်မှုသည်လည်း တဖြည်းဖြည်းလျော့နည်းလာနိုင်ပါသည်။ စတော့ဈေးကွက်ရှိခြင်းကြောင့် ကုမ္ပဏီများ၏ငွေကြေးများမြင့်တက်လာပြီး စတော့ဈေးကွက်ယှဉ်ပြိုင်မှုနှင့် နိုင်ငံတကာ၏ကုမ္ပဏီများယှဉ်ပြိုင်မှုတွင် တိုးတက်မှုများရှိလာပါသည်။ အမေရိကန်လူမျိုးပင်စင်စားအများစုသည် ၎င်းတို့၏ငွေကြေးများ

---

[18] Thetradetimesmedia, Available from http://www.thetradetimesmedia.com/?p=8687#sthash.MwYI4sbq.dpuf [accessed date May 15, 2015]

[19] ပညာရှင်များ၏သုံးသပ်ချက်အရ စတော့အိတ်ချိန်းဈေးကွက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်, Available from http://www.thetradetimesmedia.com/?p=12263#sthash.mrdgAinx.dpuf [accessed date May 22, 2015]

ကိုဘဏ်တွင်အပ်နှံခြင်းထက် စတော့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဝင်ငွေပိုမိုရရှိကြပါသည်။[20]

**စတော့အိပ်ချိန်းမှရရှိသည့်ကောင်းကျိုးများ**

၂၈။ စတော့အိပ်ချိန်း (Stock Exchange) ကို ဖွဲ့စည်းတည်ထောင်ခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများကို ဖြစ်ပေါ်စေပါသည် -

(က) အများပိုင်ကုမ္ပဏီများဖွဲ့စည်း၍ အများပြည်သူသို့ စတော့ရှယ်ယာများ ထုတ်ဝေရောင်းချခြင်းအားဖြင့် ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် လိုအပ်သောအရင်းအနှီးများကို အကုန်အကျသက်သာစွာရရှိနိုင်ခြင်း၊

(ခ) အများပိုင်ကုမ္ပဏီများမှရရှိလာသော အရင်းအနှီးများဖြင့် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ကြရာ ပြည်သူလူထုအတွင်းအလုပ်အကိုင် အခွင့်အလမ်းများပေါ်ပေါက်လာခြင်း၊

(ဂ) ပြည်သူလူထုအတွင်း၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ပေါ်ပေါက်လာစေခြင်း၊

(ဃ) ပင်စင်စားများနှင့်သင့်လျော်သော ဈေးကွက်အရင်းအနှီးနည်းပါးသူများနှင့် သင့်လျော်သော ဈေးကွက်များလည်းအသီးသီးရှိခြင်း၊

(င) ပြည်သူလူထုအနေဖြင့် ဈေးကွက်အသီးသီးဝင်ရောက် ရင်းနှီးမြှုပ်နှံလာမှုကြောင့် ငွေကြေးဖောင်းပွမှုများကိုလျော့ကျစေခြင်း၊

(စ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများ၏ ရှယ်ယာများကို ဈေးကွက်အတွင်းထုတ်ဝေရောင်းချခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သောအရင်းအနှီးကို ပြည်သူလူထုထံမှလွယ်ကူစွာရရှိနိုင်ခြင်း၊

(ဆ) နိုင်ငံတော်အစိုးရအနေဖြင့် အခွန်ငွေတိုးပွားလာမည်ဖြစ်၍ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ပါသည်။[21]

---

[20] What are the pros and cons of the stock market? Available from http://www.streetdirectory.com/travel_guide/36474/investment/what_are_the_the_pros_and_cons_of_the_stock_market.html [accessed date May 22, 2015]

[21] စတော့အိပ်ချိန်းအရောင်းအဝယ်မြင့်ကွင်း၊ Available from http://ptcking18.blogspot.com/2014/12/blog-post.html?m=1[accessed date May 15, 2015]

## စတော့အိပ်ချိန်းမှရရှိသည့် ဆိုးကျိုးများ

၂၉။ စတော့ဈေးကွက်များတွင်လည်း ဆိုးကျိုးများရှိပါသည်။ စတော့ဈေးကွက်များသည် တစ်ခဏတာအောင်မြင်မှုအတွက် အချက်တစ်ခုတော့မဟုတ်ပါ။ ဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ငွေကြေးအမြောက်အမြားရရှိနိုင်သော်လည်း များပြားလှသောစုံစမ်းမှုများ၊ အချိန်များ၊ ငွေကြေးများကိုများစွာသော ကုမ္ပဏီစတော့များတွင် ရှယ်ယာထည့်ထားရပါမည်။ မိမိဝယ်ယူထားသောစတော့များ ဈေးကောင်းနေချိန်တွင် အကျိုးအမြတ်များစွာရရှိနိုင်သော်လည်း ဈေးကျနေချိန်တွင်တော့ ငွေကြေးအရှုံးနှင့်ရင်ဆိုင်ရနိုင်ပါသည်။ အချိန်အကြာကြီးစတော့ဈေးကွက်များကို ဘယ်လိုပင်လုပ်ဆောင်နေသော်လည်း အရှုံးနှင့်ရင်ဆိုင်ရနိုင်ပါသည်။ ကုမ္ပဏီများဒေဝါလီခံပြီးနောက် ရှယ်ယာဈေးနှုန်းများကျဆင်းလာချိန် (သို့) စတော့များကို စတင်ဝယ်ယူသည့်ဈေးနှုန်းနှင့် ရောင်းချသည့်ဈေးနှုန်းများ ကွာဟနေချိန်တို့တွင် အရှုံးနှင့်ရင်ဆိုင်ရနိုင်ပါသည်။[22]

## နိဂုံး

၃၀။ စတော့အိတ်ချိန်းများသည် နိုင်ငံတစ်နိုင်ငံတွင်ရှိသင့်ပြီး နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့အတွက် လွန်စွာအကျိုးများစေပါသည်။ ရောင်းခြင်း၊ ဝယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် ဆုံးရှုံးနစ်နာနိုင်ခြေများကိုကာကွယ်နိုင်ပါသည်။[23]ထို့အပြင်စတော့ဈေးကွက်သည် ငွေဖြစ်လွယ်မှု၊ ဈေးကွက်မျှတမှု၊ ပွင့်လင်းမြင်သာမှု၊ ရင်းနှီးမြှုပ်နှံသူများအတွက်လည်း များစွာအကျိုးပြုနိုင်ပါသည်။ ပုဂ္ဂလိကပြောင်းလဲမှုများနှင့် ပုဂ္ဂလိကမှ အရင်းအမြစ်ဈေးကွက်များကို စီမံခန့်ခွဲနိုင်ပြီး ယှဉ်ပြိုင်မှုများကိုအားပေးပြီး ရောင်းလိုအား၊ ဝယ်လိုအားဈေးကွက်ရှယ်ယာတစ်ခုအဖြစ် ထိန်းချုပ်ထားနိုင်ပါသည်။[24]

## သုံးသပ်ချက်

၃၁။ မြန်မာနိုင်ငံသည် ယခုအခါ ပြောင်းလဲကျင့်သုံးလာသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စတော့ရှယ်ယာဈေးကွက်သည် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်

---

[22] What are the pros and cons of the stock market? Available from http://www.streetdirectory.com/travel_guide/36474/investment/what_are_the_the_pros_and_cons_of_the_stock_market.html [accessed date May 22, 2015]

[23] Available from http://www.phothutaw.com/2014/05/blog-post-8031.html

[24] Entrepreneurs SME Myanmar book, Available from Entrepreneurs SME Myanmar book ,30-1-2015 [accessed date May 22, 2015]

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်မှုကို အထောက်အကူပြုနိုင်ပါသည်။ စတော့ရှယ်ယာဈေးကွက်ဖြစ်ပေါ်လာပါက စီးပွားရေးလုပ်ငန်းများတွင် ရေရှည်လိုအပ်သည့် ငွေကြေးအရင်းအနှီးများ စုစည်းရယူနိုင်ခြင်း၊ ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ပေါ်ထွန်းလာစေခြင်း၊ အများပြည်သူများ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာ စေရန်အားပေးခြင်းဖြင့် နိုင်ငံတော်၏ငွေကြေးဆိုင်ရာမူဝါဒများကို အထောက်အကူပြုနိုင်ခြင်း၊[25]လုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာခြင်း၊ တိုင်းပြည်၏ထုတ်ကုန်တိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်းပိုမိုမြင့်မားခြင်း စသည့်အကျိုးတရားများကို ဖြစ်ထွန်းစေမည်ဟု သုံးသပ်ရပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

[25] ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ, Available from ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (၂၀/၂၀၁၃) [accessed date May 14, 2015]

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၈၄
၀၆၇-၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com